သာဒီကုလားစုကျေးရွာ

ဟသ်ာတမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာဒီကုလားစုကျေးရွာ၊ ဟသ်ာတမြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ မတ်လ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၁-၄ |
| အတိုကောက်စာလုံးများ | ၅ |
| စကားချီး | ၆-၇ |
| သာဒီကုလားစုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | ၈ |
| သာဒီကုလားစုကျေးရွာ၊ ရာသီခွင်ပြပြက္ခဒိန် | ၉ |
| **သာဒီကုလားစုကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ၊ ဟသ်ာတမြို့နယ်** | ၁၀ |

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

| | | |
|---|---|---|
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (၁-၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (၁-၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၁-၁၃ |
| (၂) | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၃ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| | (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၃-၁၅ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၅-၁၈ |
| (၅) | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၈-၂၀ |

(၆) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၀-၂၁

(၇) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ

(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း

(၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ ၂၁-၂၂

(၈) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(၁)ကြီးကြပ်စစ်ဆေးခြင်း

(၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၂၂-၂၄

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် ၂၇-၂၈
အစီအစဉ်များ

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉-၃၁

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

(၁) လူမှုစီးပွားရေး အခြေအနေ ၃၂-

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျားမအလိုက်အနည်းဆုံးနှင့်အများဆုံး
လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏
ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ ပညာရေးနှင့်စာတတ်မြောက်မှု
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား၊ မရေးရာ

ဇယား ၄၀	ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁	ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂	ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃	သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄	လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅	ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ
အခြေအနေ
ဇယား ၄၆	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈	မှုခင်းဖြစ်ပွားမှု အခြေအနေ -၈၃
**ကိုးကားစာရင်း** ၈၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့သာဒီကုလားစုကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ့ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာ၌ ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်ရန် နေရာများမှာလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ် ပေါက်သည့် အခက်အခဲများဦးစားပေးရွေးချယ်မှုလုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ လည်း ကျွန်ုပ်တို့ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း ဆိုင်ရာအချက်အလက်အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သာဒီကုလားစုကျေးရွာ
ဟသ်ာတမြို့နယ်

ဧပြီလ၊ ၂၀၁၉ ခုနှစ်          ရက်

ပေါက်တန်းကြီးကျေးရွာအုပ်စု၊ သာဒီကုလားစုကျေးရွာ၊ သယံဇာတပြမြေပုံ



ရောဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊ ပေါက်တန်းကြီးကျေးရွာအုပ်စု၊ သာဒီကုလားစုကျေးရွာ၊ရာသီခွင်ပြက္ခဒိန်

| အဖြစ်အပျက် | ပြာသိုလ | တပို့တွဲလ | တပေါင်းလ | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| အလုပ်အကိုင် | ပဲဆေးဖျန်း | ပဲဆေးဖျန်း | ပဲနှုတ် | ပဲနှုတ် | လယ်ယာပြင် | စပါးစိုက် | ဆေးဖျန်း | ဓါတ်မြေသြဇာ | ခြံလုပ်ငန်း | စပါးရိတ် | စပါးသိမ်း/ပဲစိုက် | စပါးသိမ်း/ပဲစိုက် |
| လက်လုပ်လက်စားမိသားစုများဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | များ | နည်း | များ | များ | နည်း | များ | များ | များ | နည်း | များ | များ | များ |
| ချေးငွေလိုအပ်မှု | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း |
| သောက်သုံးရေရရှိမှု | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ | များ | များ |
| တိရစ္ဆာန်အစာရရှိမှု | မရှိ | မရှိ | အနည်းငယ်ရှိ | အနည်းငယ်ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | ရှိ |
| ကျန်းမာရေးအခြေအနေ | ကောင်း | ကောင်း | ကောင်း | ကောင်း | ရာသီဖျားရှိ | ရာသီဖျားရှိ | သွေးလွန်တုတ်ကွေးရှိ | သွေးလွန်တုတ်ကွေးရှိ | ကောင်း | ကောင်း | ရာသီဖျားရှိ | ကောင်း |
| သီးနှံပိုးမွှားရောဂါကျ ရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | ရှိ |
| ပွဲတော် | တရားစခန်းပွဲ | - | - | သင်္ကြန်ပွဲတော် | ညောင်ရေသွန်းပွဲ | | ဝါဆိုသင်္ကန်း ကပ် | - | - | မီးထွန်းပွဲတော် | တန်ဆောင်တိုင်ပွဲတော် | - |
| သဘာဝဘေးအန္တရာယ် | - | - | - | - | - | မုန်တိုင်းအနည်းငယ်ရှိ | မုန်တိုင်းအနည်းငယ်ရှိ | - | - | - | မုန်တိုင်းအနည်းငယ်ရှိ | - |

သာဒီကုလားစုကျေးရွာ၊အဖွဲ့အစည်းပြမြေပုံ၊ ဟသ်ာတမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း၊ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### ၁.၁ ရည်ရွယ်ချက်နှင့်အကျိုးဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေရန်အတွက်ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအား ဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်

အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟသ်ာတမြို့နယ်၏ တောင်ဘက်(၁၇)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာ၏အနောက်ဘက်တွင် ပေါက်တန်းလေးအုပ်စုရှိပြီး (၃)မိုင်ခန့်ကွာဝေးပါသည်။ ရွာ၏တောင်ဘက်တွင် ပေါက်တန်းကြီးကျေးရွာ တည်ရှိပါသည်။ သာဒီကုလားစုကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်သည်။ ရွာ၏အရှေ့မြောက်ဘက်တွင် သာဒီကွင်းအုပ်စုတည်ရှိပြီး အနောက်မြောက်ဘက်တွင် ညောင်ကုန်းကျေးရွာတည်ရှိပါသည်။ အမြင့်ဆုံးအပူချိန်မှာ အမြင့်ဆုံး အပူချိန်မှာ (၄၂.၈ ̊C)နှင့် အနိမ့်ဆုံး အပူချိန်မှာ (၂၇ ̊C) ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှနှုန်း မိုးရွာသည့်ရက်မှာ (၁၀၇)ရက်ဖြစ်ပါသည်။ မိုးရေချိန်မှာ(၉၃.၉၇")ဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။ သာဒီကုလားစုကျေးရွာသည် ပေါက်တန်းကြီးကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှာ လယ်ဦးစု၊ ညောက်ကုန်း၊ တောင်စု၊ သာဒီကွင်းနှင့် ပေါက်တန်းကြီးကျေးရွာများဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဘာဝဆေးဘက်ဝင် အပင်များဖြစ်သည့် ရှားစောင်းလက်ပတ်၊ လောက်သေရွက်၊ဆင်တုံးမနွယ်၊ ခွေးသေးပန်းပင်၊ ကြိတ်မှန်ရွက်၊ရဲယိုရွက်၊ကြောင်ပန်းပင်၊မြတ်ချိုရွက် ၊ရှမ်းပြေးရွက်နှင့် ငွေးဒေါက်ရွက် စသည့်အပင်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် ဆေးဘက်ဝင်အပင်များပေါက်ရောက်သည့် ဒေသလည်းဖြစ်ပါသည်။ စိုက်ပျိုးမြေသဘာဝအရင်းအမြစ်တို့မရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

သာဒီကုလားစုကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၁၆)စုရှိပြီး ကျား(၂၁၉)၊ မ(၂၃၇)ဦး လူဦးရေစုစုပေါင်း(၄၅၆)ဦးရှိကာ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးနေထိုင်ကြပြီး အလုပ်လုပ်

နိုင်သည့်အရွယ်သည် ကျေးရွာလူဦးရေ အားလုံး၏ ၇၃.၀၂ % ရှိပြီး အမျိုးသမီးနှင့် အမျိုးသားဦးရေအတွက်မှာ အချိုးညီမျှမှုရှိသဖြင့် အမျိုးသားနှင့်အတူ အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်းတီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

**(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု**

**အိမ်ထောင်စုများ၏** ဥစ္စာခနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏(၄၃.၁၀%)နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် လယ်(၅)ဧက နှင့် အထက်တို့ပိုင်ဆိုင်ကြပြီး အိမ်အခြေအနေကောင်းမွန်ပါသည်။အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် လယ်(၁)ဧကနှင့်အထက်အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ခြံမြေအသင့်အတင့်ရှိကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်ခြေမရှိခြင်း ၊လယ်ယာမြေ အနည်းငယ်(သို့)ပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် နေ့စား၊ကျပန်းအလုပ်တို့ဖြင့် ရပ်တည်နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ဝမ်းစာဖူလုံမှုကိန်းဂဏန်းအချက်အလက်များကောက်ယူထားခြင်းမရှိပါ။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

သာဒီကုလားစုကျေးရွာတွင် သာမန်ဖျားနာခြင်းမှလွဲ၍ အခြားဆိုးရွားသောရောဂါဖြစ်ပွားမှုမရှိပါ။ ကျောင်းသား/သူများ အားအသင်းကျောင်းတွင် အာဟာရတိုက်ကျွေးမှုရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

သာဒီကုလားစုကျေးရွာတွင် မူလတန်းကျောင်းနေအရွယ် (၃၀)ဦးနှင့် အလယ်တန်းကျောင်းနေအရွယ် (၁၈)ဦးရှိရာတွင် ရာနှုန်းပြည့် ပညာတက်ရောက်သင်ယူနိုင်ကြပါသည်။ အထက်တန်းပညာသင်ယူနေသော ကျောင်းသား/သူ (၈)ဦးရှိပြီး တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ (၇)ဦးရှိကာ ကျေးရွာ၏ ကျောင်းတက်နှုန်းအဆင့်မှာ အလယ်အလတ်သာရှိပါသည်။ ကျေးရွာ၏အတန်းပညာပြီးမြောက်မှုအနေဖြင့် စာမတတ်သူဦးရေ (၅.၈၂%)၊မူလတန်းအဆင့်ရှိသူဦးရေ (၇.၄၅%)၊

အလယ်တန်းအဆင့်ရှိသူ(၆.၅၇%)၊အထက်တန်းအဆင့်ရှိသူ(၅.၉၂%)၊ တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူ(၄.၃၈%)ခန့်ရှိရာ ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေမှာအသင့်အတင့်ကောင်းမွန်သော အနေအထားရှိပါသည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

သာဒီကုလားစုကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုများပါသည်။ စပါးစိုက်ပျိုးချိန်တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကွမ်းခူး၊ကောက်စိုက်၊ ပဲနှုတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင်အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ်အကြမ်းဖက်မှု တိုင်ကြားမှုများမရှိပါ။လူနေမှုအဆင့်အတန်းခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးစည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

သာဒီကုလားစု၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ မိဘဆရာအသင်းရပ်မိရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင်နှင့် အရန်မီးသတ်တပ်ဖွဲ့တို့သည် ကျေးရွာ၏သာရေးနာရေးကိစ္စများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာဆောင်ရွက်နေပါသည်။ သို့သော်လူမှုရေးနှင့် သာရေးနာရေးကိစ္စများကိုရေရှည်ဆောင်ရွက်မည့်အဖွဲ့လိုအပ်နေသေးသဖြင့် ထပ်မံဖွဲ့စည်းဆောင်ရွက်သင့်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစွာဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

သာဒီကုလားစုကျေးရွာတွင် တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့် ရာသီကုန်သီးနှံများပင်ဖြစ်ပါသည်။ သာဒီကုလားစုတစ်အုပ်စုလုံးသည် မိုးရာသီတွင် စပါး(၅၅၉)ကေခန့်ကို စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးအနက် အချို့မှာအစေ့ကြဲစနစ် စိုက်ပျိုးပြီး အချို့မှာ လက်စိုက်ခင်းများဖြစ်ပါသည်။ ကွမ်းစိုက်ပျိုးခြင်းနှင့် အခြားသီးနှံများစိုက်ပျိုးခြင်းတို့ကို လယ်အလုပ်နှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်သောကြောင့် ကြက်၊ဘဲ၊ဝက်၊ နွားတို့ကိုတစ်နိုင်တစ်ပိုင်သာမွေးမြူကြပါသည်။

စပါးတို့ကို မိုးရာသီတွင် စိုက်ပျိုးပြီးကွမ်း၊သခွား၊ ပဲသီး၊ ရုံးပတီ၊ ဘူးသီး၊ ဖရုံ၊ စသည်တို့ကို သုံးရာသီလုံးစိုက်ပျိုးကြပါသည်။ မွေးမြူရေးအနေဖြင့် နွား၊ဝက်၊ ကြက်၊ ဘဲ၊ တို့ကိုတစ်နိုင် တစ်ပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူရေးခြံများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

သာဒီကုလားစုကျေးရွာတွင် စိုက်ပျိုးရေးမလုပ်သော အခြားအိမ်ထောင်စုများအနေဖြင့် အိမ်ဆိုင်၊ အရောင်းအဝယ်၊ နေ့စား၊ ပန်းရံ၊ လက်သမားနှင့် ဆိုင်ကယ်ပြင်ဆိုင်စသည်တို့ကို လုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ကိုင်ကြသူများမှာလည်း လက်သမား ၊ပန်းရံ၊ ကုန်ထမ်း၊ အရောင်းအဝယ်နှင့် လယ်၊ ခြံထဲတွင် နေ့စားလုပ်ငန်းများလုပ်ကိုင်ကြပါသည်။တစ်နေ့လျှင်ကျား(၅၀၀၀)နှင့် မ(၄၀၀၀) ခန့် ရရှိပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

သာဒီကုလားစုကျေးရွာ၏ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမို အသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများ ခမ်းခြောက်လာပြီး မြေဆီလွှာပျက်စီးမှုများဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်စီး

လာသောကြောင့် သဘာဝ ဆေးဘက်ဝင်အပင်မျိုးစိတ်များလည်း ရှားပါးလာကာ အပင်များအတွက်ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့်ဖျက်ပိုးများကျရောက်မှုရှိနေပါသည်။

ယခုအခါ လူငယ်များသည် စိုက်ပျိုးရေးသင်တန်းကျောင်းများမှ အသိပညာရေးများ ရရှိလာကာ ကျေးရွာအတွင်းသို့ အသိပညာများ ပေးလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယိုတီဗွီတို့မှ သိရှိရပါသည်။

ကျေးရွာလုံခြုံရေးအတွက် အရန်မီးသတ်တပ်ဖွဲ့၊ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များအဖွဲ့မှ တက်ကြွစွာပါဝင်ကြပါသည်။

## ( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ငွေချေးပေးခြင်း၊ဆောင်းသီးနှံစရိတ်ငွေချေးပေးခြင်းတို့ရှိပါသည်။

အခြားကုမ္ပဏီငွေကြေးဆိုင်ရာဝန်ဆောင်မှု သမဝါယမ ၊ CB Bank မှ (၆)လ ငွေချေးပေးခြင်းနှင့် ဂူရီဖိုင်းနန့်(စ်)မြန်မာကုမ္ပဏီလီမိတက်နှင့် စတာပါနာ ကုမ္ပဏီလီမိတက်တို့မှ ငွေးချေးခြင်းလုပ်ငန်းများ ဝန်ဆောင်မှုများ ချေးသုံးခဲ့ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သာဒီကုလားစုကျေးရွာရှိ (အလက) အလယ်တန်းကျောင်း (၃၀'×၇၀') RC ကျောင်းဆောင်တစ်ထပ်ဆောင်နှင့် (၂၀'×၄၀')ရှိသော သစ်သားကျောင်းဆောင် တစ်ဆောင်ရှိပါသည်။ ကျောင်းတွင်အစိုးရခန့် ဆရာ၊ဆရာမ ဦးရေ(၁၁)ယောက်ရှိပါသည်။

၎င်းကျေးရွာတွင် လက်နှိပ်တုံကင်ပေါင်း(၈၃)လုံးရှိပြီး သောက်သုံးရေကောင်းမွန်မှုမရှိပါ။ အခြားသုံးစွဲမှုအတွက် ဖူလုံပါသည်။ ကျောင်းသား/ ကျောင်းသူများ၏ လက်ရှိသောက်သုံးမှုရေအတွက် ရေတွင်းများအား မှီခိုအသုံးပြုရပါသည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ်တတ်သောရောဂါများ ကင်းဝေးကြပါသည်။

ဖျားနာခြင်း၊ ဆိုးရွားသောရောဂါများနှင့် မတော်တဆဖြစ်မှုများအတွက် ကျေးရွာနှင့်(၁၇)မိုင်ကွာဝေးသော ဟင်္သာတမြို့ရှိဆေးရုံကြီးသို့ သွားရောက်ကုသရပါမည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာကျေးရွာ၏သာရေး၊နာရေး၊ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များကျေးရွာ သာရေး၊နာရေး၊ ဘာသာရေးတို့ပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်ပါဝင်မှု အားနည်းနေပါသည်။ ကျေးရွာ၏ လူကြီးများမှာ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အဆိုပြုကြပါသည်။

### (ဇ) အခြေခံအဆောက်အဦ–လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

သာဒီကုလားစုကျေးရွာလမ်းသည် ၂၀၁၂ ခုနှစ်၌ အကျယ် ၃ ပေ ထု ၆ လက်မ အရှည် ၁၈၀၀ ခန့်ရှည်သော အုတ်ချောလမ်းကို ခင်းခဲ့ပါသည်။ သာဒီကုလားစုကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ရာသီသုံးလမ်းဖြစ်သော လှည်းလမ်းကိုသာ အဓိကအသုံးပြုကြပါသည်။ ကျေးရွာအတွင်း ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်၊စက်ဘီးစသည်တို့နှင့်အဆင်ပြေသလို သုံးစွဲနေကြရပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

သာဒီကုလားစုကျေးရွာသည် မိသားစုကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြပြီး ပြဿနာကြီးကြီးမားမားဖြစ်လေ့ဖြစ်ထနည်းပါးပါသည်။ ဘုန်းတော်ကြီးများ၏ ဆုံးမမှု၊ လူကြီးမိဘများ၏ ဆုံးမမှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ပါသည်။ ယခင်က အမှုအခင်းအနည်းငယ်ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်မှစ၍ မရှိတော့ပါ။

ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး ၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်အပေါင်းတို့က စုပေါင်းဆောင်ရွက်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

သာဒီကုလားစုကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ စုစုပေါင်းမှာ ကျေးရွာလူဦးရေ၏ (၄၅၆)ဦးရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။ လူကြီးလူငယ်လက်တွဲပြီး ကောင်းမွန်စွာတိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြ

သော အလေ့အထကောင်းများကလည်း အနာဂတ်ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

သာဒီကုလားစုကျေးရွာတွင်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စီးပွားရေးလုပ်ကိုင် ကြသောကြောင့် ကွမ်းစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းများလုပ်ကိုင်ဆောင်ရွက်ကြရသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ရွာသူ/ရွာသားများ၏ စီးပွားရေးမှာပိုမို အဆင်ပြေလာနိုင်ပါသည်။ သာဒီကုလားစုကျေးရွာရှိ အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် သင့်တော်သောဆရာ လုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဆင့် ပညာရေးအတွက် ကောင်းမွန်သောအလားအလာများ ဖြစ်ပါသည်။ ဟသ်ာတမြို့နယ်ပြည်သူ့ဆေးရုံနှင့် (၁၇)မိုင်ကွာဝေးပြီး နိဗ္ဗာန်တိုက်နယ်ဆေးရုံ(၇)မိုင်ကွာ ဝေးပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

(၁) စိုက်ပျိုးရေး

သာဒီကုလားစုကျေးရွာတွင် ကွမ်းပင်စိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။ နွေရာသီတွင် စိုက်ပျိုးရေးအတွက် အဝီစိတွင်းများကို အသုံးပြုပါသည်။

(၂) မွေးမြူရေးနှင့် ရေလုပ်ငန်း

သာဒီကုလားစုကျေးရွာတွင် ကြက်၊ဘဲ၊ဆိတ် များကိုတစ်ပိုင်တစ်နိုင်မွေးမြူကြပြီး ရေလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

(၃) ပညာရေး

သာဒီကုလားစုကျေးရွာ၏ တောက်ဘက်ထိပ်တွင် အလယ်တန်းကျောင်းရှိပြီး သွားလာရေးအဆင်ပြေကာ ပညာရေးနှင့် ပတ်သက်၍ အစစအရာရာ အဆင်ပြေမှုရှိသော်လည်း အထက်တန်းပညာရေးနှင့် ပတ်သက်၍ အဟန့်အတားနှင့်စိန်ခေါ်မှုများရှိပါသည်။

ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝင်းထဲတွင် ရေသန့်စက်ပြုလုပ်ရန် အစီအစဉ်ရှိသော်လည်း ငွေကြေးအခက်အခဲရှိနေပါသည်။

(၄) ကျန်းမာရေး

သာဒီကုလားစုကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ နိဗ္ဗာန်တိုက်နယ်ဆေးရုံသို့လည်းကောင်း သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာ၌ဆေးပေးခန်းမရှိသောကြောင့် အနည်းငယ်အခက်အခဲရှိနေပါသည်။ အရေးပေါ်ကိစ္စရပ်များကိုမူ (၁၇)မိုင်ကွာဝေးသော ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြရပါမည်။

ကျန်းမာရေးစောင့်ရှောက်မှုတွင် သွားလာရေးအခက်အခဲမှာ လမ်းကြမ်းဖြစ်ပါသည်။ ထိုသို့ သွားရောက်ကုသရာ၌ ဟသ်ာတသို့သွားသော လမ်းမကြီးနှင့်(၃)မိုင်ခန့်အဝေးမှာ မိုးရာသီတွင် ကျန်းမာရေးကား အသုံးပြုနိုင်ခြင်းမရှိသောကြောင့် အခက်အခဲရှိပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

ကျွန်ုပ်တို့ သာဒီကုလားစုကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်း မြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ကြောင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲပြီးဖြစ်ပါသည်။ ၎င်းပန်းတိုင်အတွက် အကောင်အထည်ဖော်ရေး စီမံကိန်းများရေးဆွဲထားပါသည်။

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်း(၂၀၁၉-၂၀၂၃)၅ နှစ်တာကာလအတွင်း အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(က-၁) ရွာလူခုသည်မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများဖြင့် ဝင်ငွေတိုးတက်စေရမည်။

(က-၂) လူငယ်များအား ပညာတက်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်

အလမ်းများ တိုးတက်လာစေပြီး စီးပွားရေး ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုး မြင့်လာစေရမည်။

(က-၂) လူငယ်များအားပညာတက်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီး စီးပွားရေးရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က-၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက် နိုင်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ-၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊အကူအညီပေးမည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထု၏လုပ်အား ပေါင်းစပ်ကာလုပ်ဆောင်သွားပါမည်။

(ခ-၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့်ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်သွားပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် သာဒီကုလားစုကျေးရွာ၏ လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်ထိမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/ရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကိုလည်း ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(၈) စီမံကိန်း၊ စီမံချက်များနှင့် အကာင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့်နည်းဗျူဟာ များအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။စီမံကိန်း(၅)နှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာကာလအတွင်း ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက်လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ထားပါသည်။ ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်နှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်းစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုဒအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်

မှတ်ခြင်း (Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် ၊စွမ်း ဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဝန်ကြီးဌာနများ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြား များကိုသိရှိစေနိုင်သည်။

ရင်နှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားခြင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်းများ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသူ/သား အုပ်စု(၅)စုထံမှ (၁၀)ဦးကဦးစားပေးမည့် စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း | ကျေးရွာတွင်းလမ်းခင်းခြင်း (ချောင်းကျောင်) | ၁၀၀ | ၁ |
| ၂ | ကျန်းမာရေးဆေးပေးခန်း | ကျေးလက်ကျန်းမာရေးဆေးပေးခန်း | ၈၀ | ၂ |
| ၃ | မီးလင်းရေး | လျှပ်စစ်ဓာတ်အားရရှိရေး | ၇၀ | ၃ |
| ၄ | ပညာရေး | ဝန်ထမ်းဆောင် | ၆၀ | ၄ |
| ၅ | ရေသန့်စက်ရေတွင်း | သန့်ရှင်းသောသောက်သုံးရေရရှိရေး | ၅၀ | ၅ |
| ၆ | လူငယ်ဖွံ့ဖြိုးရေး | စာကြည့်တိုက်တည်ဆောက်ခြင်း | ၄၀ | ၆ |
| ၇ | ပရဟိတ | ပရဟိတအသင်းအတွက် အထောက်အပံ့ပစ္စည်းများ | ၃၀ | ၇ |
| ၈ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာရရှိရေး မျိုးကောင်းစပါးများရရှိရေး | ၂၀ | ၈ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်း ဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်–

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းခင်းခြင်း (ချောင်းကျော်က်) | ၁ | ✔ | | | | |
| ၂ | ကျေးလက်ကျန်းမာရေးဆေးပေးခန်း | ၂ | | ✔ | | | |
| ၃ | လျှပ်စစ်ဓါတ်အားရရှိရေး | ၃ | | | ✔ | | |
| ၄ | ဝန်ထမ်းဆောင် | ၄ | | | ✔ | | |
| ၅ | သန့်ရှင်းသောသောက်သုံးရေရရှိရေး | ၅ | | | ✔ | | |
| ၆ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၆ | | | | ✔ | |
| ၇ | ပရဟိတအသင်းအတွက် အထောက် အပံ့ပစ္စည်းများ | ၇ | | | | ✔ | |
| ၈ | စိုက်ပျိုးရေးနည်းပညာရရှိရေးမျိုး ကောင်းစပါးများရရှိရေး | | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(Indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သော ထည့်ဝင်မှုဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကရိယာ၊ အချိန်စသည်...)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်း | | | ✔ | | |
| ၂ | ကျန်းမာရေးဆေးပေးခန်း | | | ✔ | | |
| ၃ | မီးလင်းရေး | | | ✔ | | |
| ၄ | ပညာရေး | | | ✔ | | |
| ၅ | ရေသန့်စက်တွင်း | | | ✔ | | |
| ၆ | လူငယ်ဖွံ့ဖြိုးရေး | | | ✔ | | |
| ၇ | ပရဟိတ | | | ✔ | | |
| ၈ | စိုက်ပျိုးရေး | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော် အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် အလယ်တန်းပညာရေး သင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း

အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေးကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများ များကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက်လုပ်ငန်း အလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက် ပါမည်။ ဤသို့ဆောင်ရွက် နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress)တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။

၄င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက် နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

